# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ
# ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (တ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ကျန်းမာရေး ဝန်ကြီးဌာနကဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးဌာနက ဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ဖြစ်စေ ကျန်းမာရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီ ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိ

မှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီ ရရှိသူလည်း ပါဝင်သည်။ ”

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(င) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်မွေးဖွားခြင်း မဟုတ်သော သတ်မှတ်ခွင့်ပြုထားသည့် မွေးဖွားခြင်းများ ပြုလုပ် နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ပစ္စည်း ကိရိယာများ ထားရှိခြင်း၊ ”

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ **ပုဒ်မ ၁၀** တွင် –

(က) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(ဈ)၊(ည)၊(ဋ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ)၊ (တ)နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊(ဈ)၊(ည)၊(ဋ)၊ (ဌ)၊ (ဍ)၊(ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်